# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၃၂/ ၂၀၂၄)    ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ(၇) ရက်

| ၇- ၁၁- ၂၀၂၄ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂၂၅၉.၅ |
| စင်္ကာပူဒေါ်လာ | ၁၅၈၃.၅ |
| စတာလင်ပေါင် | ၂၇၁၁.၄ |
| ဂျပန်ယန်း (၁၀၀) | ၁၃၆၂.၈ |
| တရုတ်ယွမ် | ၂၉၃.၃၆ |
| ဟောင်ကောင် ဒေါ်လာ | ၂၇၀.၁၇ |
| အိန္ဒိယရူပီး | ၂၄.၈၉၂ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၀.၆၈ |
| မလေးရှား ရင်းဂစ် | ၄၇၆.၈၉ |
| ဖိလစ်ပိုင်ပီဆို | ၃၅.၈၁၁ |
| ထိုင်းဘတ် | ၆၁.၂၇၈ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၂၇၅၉ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

- ဖိလစ်ပိုင်နိုင်ငံသည် အေးခဲထားသော ဒူးရင်းသီးများကို တရုတ်နိုင်ငံသို့ တင်ပို့ရန် အသင့်ဖြစ်နေ
- လာအိုနိုင်ငံသည် တရုတ်-လာအိုရထားလမ်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ လယ် ယာထွက်ကုန်များ ပိုမိုတင်ပို့ရန်မျှော်လင့်
- အိန္ဒိယနိုင်ငံမှ ပြည်ပသို့ ဆန်တင်ပို့မှု အလုံးစုံပြန်လည်ခွင့်ပြုခဲ့ပြီးနောက် ကမ္ဘာ့ ဆန်ဈေးနှုန်း ၁၀ ရာခိုင်နှုန်းကျော်ကျဆင်း
- ရုရှားနိုင်ငံ၏ သစ်သီးဝလံများ တင်သွင်းမှု ၈.၃ ရာခိုင်နှုန်းတိုးတက်
- ရုရှားနိုင်ငံသို့ ဂျပန်နိုင်ငံမှ ကော်ဖီတင်ပို့မှု စက်တင်ဘာလတွင် စံချိန်တင် မြင့်တက်

- **အထွေထွေသတင်းများ**

- တရုတ်နိုင်ငံသည် စားသုံးမှုကို မြှင့်တင်ရန် မူဝါဒအသစ်များကို နိုဝင်ဘာလ တွင် စတင်မည်
- အိန္ဒိယဗဟိုဘဏ်၏ အရန်ရွှေသားကိုင်ဆောင်မှု ပုံမှန်တိုးမြင့်လာ

# ဖိလစ်ပိုင်နိုင်ငံသည် အေးခဲထားသော ဒူးရင်းသီးများကို တရုတ်နိုင်ငံသို့ တင်ပို့ရန် အသင့်ဖြစ်နေ

တရုတ်နိုင်ငံသို့ အေးခဲထားသော ဒူးရင်းသီးများ တင်ပို့ရန်အတွက် လက်ရှိတွင် ဖိလစ်ပိုင်နိုင်ငံမှ လုပ်ငန်း(၃)ခုသည် တရုတ်နိုင်ငံ၏ တင်သွင်းလာသော စားသောက်ကုန်လုပ်ငန်းများအတွက် မှတ်ပုံတင်စနစ် (China’s Import Food Enterprise Registration system)မှတစ်ဆင့် မှတ်ပုံတင်ထားသည်ဟု Davao City Durian Industry Council ၏ ဥက္ကဋ္ဌ Emmanuel Belviz က မကြာသေးမီက ကြေညာခဲ့ကြောင်း ဖိလစ်ပိုင်မီဒီယာတစ်ခု၏ ဖော်ပြချက်အရ သိရှိရပါသည်။ အဆိုပါလုပ်ငန်း (၃)ခုမှာ Eng Seng Food Products ၊ SQ Fresh Fruit Corporation နှင့် D' Farmers Market Fruits and Pastries Center တို့ဖြစ်ကြောင်း သိရှိရပါသည်။

၂၀၂၄ ခုနှစ်၊ ဩဂုတ်လတွင် တရုတ်နိုင်ငံ၏ အကောက်ခွန်အထွေထွေအုပ်ချုပ်အာဏာပိုင်အဖွဲ့၏ သွင်းကုန်နှင့် ပို့ကုန်အစားအသောက်ဘေးကင်းရေးဗျူရို (the Bureau of Import and Export Food Safety)သည် အေးခဲထားသောသစ်သီးများတင်သွင်းမှုအတွက် ၎င်း၏ လိုအပ်ချက်များကို ပြောင်းလဲမှုတစ်ရပ်ပြုလုပ်ခဲ့ပြီး အေးခဲထားသောသစ်သီးထုတ်ကုန်များအတွက် ဈေးကွက်ဝင်ရောက်ခွင့်ဆိုင်ရာ လိုအပ်ချက်များကို ဖယ်ရှားပေးခဲ့ကြောင်း၊ ထိုပြုပြင်ပြောင်းလဲမှုသည် ကမ္ဘာတစ်ဝန်းရှိ မည်သည့်ဒေသမှမဆို အေးခဲဒူးရင်းသီးများအပါအဝင် အေးခဲထားသော သစ်သီးမျိုးစုံကို ပုံမှန်တင်သွင်းခြင်းဆိုင်ရာ Quarantine လုပ်ငန်းစဉ်များမလိုအပ်ဘဲ တရုတ်ဈေးကွက်သို့ ဝင်ရောက်ခွင့်ပြုခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသို့ အေးခဲထားသော ဒူးရင်းသီးများ တိုက်ရိုက်တင်ပို့မှုကို ယခင်က ခွင့်မပြုသဖြင့် တရုတ်နိုင်ငံသို့ တင်ပို့ခြင်းမပြုမီ ထိုင်းနိုင်ငံမှတစ်ဆင့် တင်ပို့ရခြင်းဖြစ်ကြောင်း၊ ယခုအခါ အေးခဲသစ်သီးများ တင်သွင်းမှုအပေါ် ကန့်သတ်ချက်များ ရုပ်သိမ်းလိုက်ပြီဖြစ်သောကြောင့် တင်ပို့သူများသည် ၎င်းတို့၏ အေးခဲထားသော ဒူးရင်းသီးများကို တရုတ်နိုင်ငံသို့ တိုက်ရိုက်တင်ပို့ရန် လျှောက်ထားလာကြသည်ဟု Belviz က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

လက်ရှိအချိန်တွင် ထိုင်းနိုင်ငံသည် ဖိလစ်ပိုင်နိုင်ငံမှ အေးခဲထားသောဒူးရင်းသီးများကို အများဆုံးဝယ်ယူသည့် နိုင်ငံဖြစ်ပြီး ယခုနှစ်တွင် မက်ထရစ်တန် (၃,၁၃၀)ခန့် တင်ပို့ခဲ့ကာ ၎င်းနောက်တွင် တောင်ကိုရီးယား (၁၈၆ မက်ထရစ်တန်)နှင့် မလေးရှားနိုင်ငံ (၂၆ မက်ထရစ်တန်)တို့ဖြစ်ကြောင်း သိရှိရပါသည်။

Agribusiness & Trade

Davao City Durian Industry Council မှ အချက်အလက်များအရ Davao ဒေသမှ တရုတ်နိုင်ငံသို့ လတ်လတ်ဆတ်ဆတ် ဒူးရင်းသီး တင်ပို့မှုသည် ယခုနှစ် ပထမကိုးလအတွင်း (၉,၂၉၅) မက်ထရစ်တန်အထိ ရောက်ရှိခဲ့ပြီး စင်ကာပူသို့ (၅၆)မက်ထရစ်တန်နှင့် ဂျပန်နိုင်ငံသို့ (၁၈၄)ကီလိုဂရမ်သာ တင်ပို့ခဲ့ကြောင်း သိရှိရပါသည်။ ဒူးရင်းသီးတင်ပို့မှု စုစုပေါင်းသည် (၉၃၅၁) မက်ထရစ်တန်ရှိပြီး ၂၀၂၃ ခုနှစ်တွင် တင်ပို့ခဲ့သည့် (၄၀၈၈)မက်ထရစ်တန်၏ နှစ်ဆကျော်ရှိကြောင်း သိရှိရပါသည်။

Davao ၏ ဒူးရင်းသီးရာသီသည် လက်ရှိအချိန်အထိ ဆက်လက်ရှိနေပြီး အမြင့်ပိုင်းဒေသများတွင် အသီးများခူးဆွတ်နေဆဲဖြစ်ကြောင်း၊ တင်ပို့သူများသည် ၎င်းတို့၏ မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ် အောင်မြင်ပါက ရာသီကုန်သည်နှင့် အေးခဲထားသော ဒူးရင်းသီးများကို ပိုမိုတင်ပို့နိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

အောက်တိုဘာလလယ်၌ ကျင်းပခဲ့သည့် မီဒီယာဖိုရမ်တစ်ခုတွင် တရုတ်နိုင်ငံသို့ လတ်လတ်ဆတ်ဆတ် ဒူးရင်းသီးတင်ပို့မှုနှင့်ပတ်သက်၍ Belviz က ဆွေးနွေးရာတွင် ဒူးရင်းသီး၏ ဆူးများပျက်စီးခြင်းနှင့် အသီးအပွန်းပဲ့ခြင်းများကို ကာကွယ်ရန် ခူးဆွတ်စဉ်တွင် ဒူးရင်းသီးများကို မြေပေါ်မချရဟု အလေးပေးပြောကြားခဲ့ပြီး ဝယ်ယူသူများထံမှ တိုင်ကြားမှုများကို ရှောင်ရှားရန် တင်ပို့သူများအနေဖြင့် ဒူးရင်းသီးများ အမှည့်လွန်ခြင်းနှင့် အသီးပုတ်ခြင်း မရှိစေရေး သေချာစွာ ဆောင်ရွက်သင့်သည်ဟု အလေးပေးပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ဖိလစ်ပိုင်နိုင်ငံသည် လတ်လတ်ဆတ်ဆတ် ဒူးရင်းသီးတင်ပို့မှု၌ တစ်ကမ္ဘာလုံးတွင် အဆင့် (၆)နေရာ၌ ရပ်တည်နေပြီး Davao ဒေသသည် ဖိလစ်ပိုင်နိုင်ငံ၏ ဒူးရင်းသီး စုစုပေါင်းထွက်ရှိမှု၏ (၇၈)ရာခိုင်နှုန်းရှိကြောင်းနှင့် အဆိုပါဒေသသည် ၂၀၂၃ ခုနှစ်တွင် ဒူးရင်းသီး (၆၀,၃၃၁)မက်ထရစ်တန် ထွက်ရှိခဲ့ပြီး ယခင်နှစ်ကထက် (၂.၉) ရာခိုင်နှုန်းခန့် တိုးလာခဲ့ကြောင်း သိရှိရပါသည်။

ယခုအခါ တရုတ်နိုင်ငံသည် အေးခဲထားသော သစ်သီးများတင်သွင်းခြင်းအတွက် quarantine requirement များကို ဖြေလျှော့လိုက်ပြီဖြစ်၍ မြန်မာနိုင်ငံမှ ဒူးရင်းသီး၊ ထောပတ် သီးစသည့် သစ်သီးများကို အေးခဲထားသည့်ပုံစံဖြင့် တင်ပို့နိုင်မည်ဖြစ်ရာ China's Import Food Enterprise Registration system(CIFER)၌ ဝင်ရောက်မှတ်ပုံတင်၍ တရုတ်ဈေးကွက်သို့ မြန်မာနိုင်ငံမှ သစ်သီးများ တိုးမြှင့်တင်ပို့နိုင်ရေး ဆောင်ရွက်သင့်ပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့

Source: [https://www.producereport.com/article/philippines-ready-export-frozen-durians-china](https://www.producereport.com/article/philippines-ready-export-frozen-durians-china)

Agribusiness & Trade

## လာအိုနိုင်ငံသည် တရုတ်-လာအိုရထားလမ်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ လယ်ယာထွက်ကုန်များ ပိုမိုတင်ပို့ရန်မျှော်လင့်

လာအိုနိုင်ငံသည် ရေရှည်တည်တံ့သော လယ်ယာထွက်ကုန်ထုတ်လုပ်မှုကို မြှင့်တင်ရန်နှင့် တရုတ်-လာအိုရထားလမ်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ လယ်ယာထွက်ကုန်များ တိုးမြှင့်တင်ပို့ရန် လယ်သမားများနှင့် ထုတ်လုပ်သူများကို အားပေးတိုက်တွန်းလျက်ရှိကြောင်း သိရှိရပါသည်။

တရုတ်စားသုံးသူများအကြား အသီးအနှံဝယ်လိုအား မြင့်တက်လာမှုကြောင့် လာအိုနိုင်ငံ၌ ဒူးရင်းသီးစိုက်ရန် တရုတ်လုပ်ငန်းရှင်တချို့က စိတ်ဝင်စားလာကြောင်းနှင့် တရုတ်လူမျိုးများသည် ဒူးရင်းသီးကို အလွန်ကြိုက်နှစ်သက်သဖြင့် လာအိုနိုင်ငံအနေဖြင့် တရုတ်ဈေးကွက်မှ အကျိုးအမြတ်များစွာရနိုင်မည့် အခွင့်အရေးဖြစ်ကြောင်း လာအိုမြို့တော် ဗီယင်ကျန်းမြို့ရှိ သစ်သီးရောင်းချသူတစ်ဦးက ဆင်ဟွာသို့ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

လာအိုနိုင်ငံသည် သဘာဝသယံဇာတတွေပေါများပြီး စိုက်ပျိုးရန် သင့်တော်သည့်မြေများရှိ၍ တရုတ်နိုင်ငံအတွက် သီးနှံထောက်ပံ့ရန် အလားအလာရှိသော နိုင်ငံဖြစ်လာနိုင်ကြောင်း ၎င်းကပြောကြားခဲ့ပါသည်။

The Lao National Chamber of Commerce and Industry (LNCCI) နှင့် တရုတ် စီးပွားရေးလုပ်ငန်းအဖွဲ့တစ်ဖွဲ့တို့သည် တရုတ်နိုင်ငံသို့ တင်ပို့နိုင်ရေးအတွက် လာအိုဒူးရင်းသီးကဏ္ဍ၏ အလားအလာများကို ရှာဖွေဖော်ထုတ်ရန် မကြာသေးမီက အစည်းအဝေးတစ်ခုကို ကျင်းပခဲ့ကြကြောင်း သိရှိရပါသည်။

အစည်းအဝေးတွင် LNCCI ၏ ဒုတိယဥက္ကဋ္ဌ Bounleuth Luangpaseuth မှ လာအိုနိုင်ငံ၏ မြေသြဇာကောင်းသော စိုက်ပျိုးမြေတွင် ဒူးရင်းစိုက်ပျိုးမှု လျင်မြန်စွာ ကြီးထွားလာမှုကို အလေးပေးပြောကြားခဲ့ပြီး တရုတ်-လာအိုရထားလမ်းသည် အရေးကြီးသော လမ်းပန်းဆက်သွယ်ရေးတစ်ခုအဖြစ် မီးမောင်းထိုးပြခဲ့ကြောင်း သိရှိရပါသည်။

တရုတ်စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံရာတွင်လည်း လာအိုစိုက်ပျိုးရေးလုပ်ငန်းရှင်များအသင်း၏ ဥက္ကဋ္ဌ Bounthieng Lattanavong က လာအိုနှင့် တရုတ်အစိုးရတို့သည် လာအိုထုတ်ကုန်များကို တရုတ်ဈေးကွက်သို့ ပို့ဆောင်နိုင်စေရန် အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေး အထူးသဖြင့် တရုတ်-လာအို ရထားလမ်းပိုင်းအတွက် များစွာရင်းနှီးမြှုပ်နှံထားသည်ဟု ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

Agribusiness & Trade

စိုက်ပျိုးရေးထွက်ကုန်များ ထွက်ရှိမှု၊ ပြုပြင်ထုတ်လုပ်မှုနှင့် တင်ပို့မှုတို့ကို အားပေးမြှင့်တင်ရန်အတွက် သက်ဆိုင်ရာဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို အဆင့်မြှင့်တင်ရန် လာအိုအစိုးရက အလေးထားဆောင်ရွက်ခဲ့သည်ဟု ၎င်းက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်-လာအိုရထားလမ်းကြောင်းသည် ပို့ကုန်မြှင့်တင်ရာတွင် အရေးပါပြီး လယ်ယာထွက်ကုန်များ အထူးသဖြင့် လတ်ဆတ်သောထွက်ကုန်များ သယ်ယူပို့ဆောင်မှုအတွက် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်ကြောင်း သိရှိရပါသည်။

လာအိုနိုင်ငံမှ တောင်သူများသည် ထုပ်ပိုးမှုနှင့် ထောက်ပံ့ပို့ဆောင်ရေး အပါအဝင် ၎င်းတို့ထုတ်ကုန်များ၏ အရည်အသွေးကို ထိန်းချုပ်ရန် လိုအပ်ကြောင်း၊ တရုတ်နိုင်ငံသည် ကြီးမားသောဈေးကွက်တစ်ခုဖြစ်၍ ၎င်းတို့၏ထုတ်ကုန်များသည် တရုတ်နိုင်ငံသို့ တင်ပို့ရန်အတွက် လိုအပ်သည့် အရည်အသွေးစံနှုန်းများနှင့် ကိုက်ညီပါက ဝင်ငွေအများကြီးရလိမ့်မည်ဟုယုံကြည်ကြောင်း လာအိုမြို့တော် ဗီယင်ကျန်းမှ ရောင်းချသူ Manichanh Bounheuang က ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

လာအိုနိုင်ငံမှ ငှက်ပျောသီးတန်ချိန် (၃၉၀)ကို တရုတ်နိုင်ငံသို့ အအေးခန်းတွဲရထားဖြင့် ပို့ဆောင်ခဲ့ပြီး လာအိုမြို့တော် ဗီယင်ကျန်းမှ ကူမင်းမြို့သို့ ထွက်ခွာကာ ပေကျင်းမြို့၊ ပင်ဂူခရိုင်သို့ ဆက်လက်ပို့ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ရထားသည် အောက်တိုဘာလ (၁၂)ရက်နေ့တွင် ဗီယင်ကျန်းမြို့မှ ထွက်ခွာခဲ့ပြီး အောက်တိုဘာလ (၂၀)ရက်နေ့တွင် ဘေဂျင်းမြို့သို့ ရောက်ရှိခဲ့ကြောင်း သိရှိရပါသည်။

လာအိုနိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် လယ်ယာထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ (၁.၄) ဘီလီယံကျော် ရရှိခဲ့ကြောင်း၊ စိုက်ပျိုးရေးနှင့် သစ်တောထွက်ပစ္စည်း ထုတ်လုပ်မှု တန်ဖိုးသည် ၂၀၂၃ ခုနှစ်တွင် ပြည်တွင်းအသားတင်ထုတ်လုပ်မှု၏ (၂၁.၄)ရာခိုင်နှုန်းရှိကြောင်း သိရှိရပါသည်။

လာအိုအစိုးရသည် ပြည်တွင်းဈေးကွက်၌ ကုန်ပစ္စည်းများ ပိုမိုရောင်းချနိုင်ရန်နှင့် လိုအပ်နေသော နိုင်ငံခြားငွေ ရရှိရန်နှင့် မြင့်မားသော နိုင်ငံခြားငွေလဲလှယ်နှုန်းကို လျှော့ချရန်အတွက် ပို့ကုန်တင်ပို့နိုင်ရေး ပိုမိုထုတ်လုပ်ရန် လယ်သမားများနှင့် ထုတ်လုပ်သူများအား တွန်းအားပေးလျက်ရှိကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့
Source: en.people.cn/n3/2024/1101/c90000-20236678.html

Agribusiness & Trade

# အိန္ဒိယနိုင်ငံမှ ပြည်ပသို့ ဆန်တင်ပို့မှု အလုံးစုံပြန်လည်ခွင့်ပြုခဲ့ပြီးနောက် ကမ္ဘာ့ဆန်ဈေးနှုန်း ၁၀ ရာခိုင်နှုန်းကျော်ကျဆင်း

အိန္ဒိယနိုင်ငံမှ ပြည်ပသို့ ဆန်တင်ပို့မှု အလုံးစုံ ပြန်လည်ခွင့်ပြုခဲ့သလို ပါကစ္စတန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ ဆန်သစ်များ ဈေးကွက်သို့ ဝင်ရောက်ရန်ရှိသည့်အတွက် ကမ္ဘာ့ဆန်ဈေးကွက်တွင် ဆန်ဈေးနှုန်းများ ၁၀ ရာခိုင်နှုန်းကျော်ကျဆင်းလာကြောင်း ကုန်သည်များက ပြောကြားခဲ့သည်။

"ဒေါ်လာဈေးမာလာသည့်အတွက် လျှော့ဈေးဖြင့် ဆန်တင်ပို့ရန် ကမ်းလှမ်းမှုများရှိလာပါတယ်။ အိန္ဒိယက ဆန်ပြန်ပြီးတင်ပို့ခွင့်ပြုခဲ့သလို၊ ပါကစ္စတန်နှင့် မြန်မာတို့မှ ဆန်သစ်များလည်း ဈေးကွက်သို့ ဝင်ရောက်လာတာရှိပါတယ်။ ဝယ်သူတွေအတွက်တော့ အဆင်ပြေမယ့် အခြေအနေမှာ ရှိနေပါတယ်။" ဟု နယူးဒေလီအခြေစိုက် ဆန်ကုန်သည် Rajesh Paharia Jain က ပြောကြားခဲ့သည်။

## လက်ရှိဆန်ပေါက်ဈေး

ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့ (အောက်တိုဘာလ ၃၀ ရက်) က ထိုင်းနိုင်ငံမှ ဆန်ကွဲ ၅ ရာခိုင်နှုန်းပါ ဆန်ဈေးနှုန်းမှာ ၁ တန်လျှင် ကန်ဒေါ်လာ ၅၀၇ ရှိကာ အောက်တိုဘာလ ၁၆ ရက်နေ့က ကန်ဒေါ်လာ ၅၂၉ ရှိသည့်အတွက် ကျဆင်းခဲ့ကြောင်း၊ ဗီယက်နမ်ဆန်မှာမူ ကန်ဒေါ်လာ ၅၃၇ မှ ၅၄၁ အတွင်း မပြောင်းလဲပဲ၊ ထပ်မံကျဆင်းဖွယ်ရှိကြောင်း၊ ပါကစ္စတန်ဆန်မှာမူ ယခင် ကန်ဒေါ်လာ ၄၈၁ မှ ၄၈၅ ရှိခဲ့ရာမှ ကန်ဒေါ်လာ ၄၆၃ မှ ၄၆၇ သို့ ကျဆင်းခဲ့ကြောင်း၊ အိန္ဒိယ ဆန်ဈေးနှုန်းမှာ ကန်ဒေါ်လာ ၄၈၈ မှ ၄၉၂ ရှိခဲ့ရာမှ ကန်ဒေါ်လာ ၄၄၄ မှ ၄၄၈ သို့ ကျဆင်းခဲ့ကြောင်း သိရသည်။

အိန္ဒိယမှ ဆန်ကွဲ ၂၅ ရာခိုင်နှုန်းပါ ဆန်ဖြူဈေးနှုန်းမှာ ၁ တန်လျှင် ယခင် ကန်ဒေါ်လာ ၄၉၁ မှ ၄၉၅ ကမ်းလှမ်းခဲ့ရာမှ ယခု ကန်ဒေါ်လာ ၄၃၄ မှ ၄၃၈ ကမ်းလှမ်းလျက်ရှိကြောင်း၊ ပါကစ္စတန်မှ အဆိုပါ ဆန်ဈေးနှုန်းမှာ ပိုမိုသက်သာပြီး ယခင် ကန်ဒေါ်လာ ၄၄၀ မှ ၄၄၄ ရှိခဲ့ရာမှ ယခု ကန်ဒေါ်လာ ၄၂၄ မှ ၄၂၈ သို့ ကျဆင်းခဲ့ကြောင်း၊ ထိုင်းဆန်မှာ ယခင် ကန်ဒေါ်လာ ၅၀၈ မှ ယခု ကန်ဒေါ်လာ ၄၉၁ သို့လည်းကောင်း၊ ဗီယက်နမ်ဆန်မှာ ယခင် ကန်ဒေါ်လာ ၅၀၉ မှ ၅၁၃ ရှိခဲ့ရာမှ ယခုအခါ ကန်ဒေါ်လာ ၄၉၇ မှ ၅၀၂ သို့ ကျဆင်းခဲ့ကြောင်း သိရသည်။

ပေါင်းဆန်ကိုကြည့်လျှင် 100% sortexed ထိုင်းပေါင်းဆန်ဈေးနှုန်းမှာ ယခင် ကန်ဒေါ်လာ ၅၆၁ မှ ကန်ဒေါ်လာ ၅၂၂ သို့လည်းကောင်း၊ ပါကစ္စတန်ပေါင်းဆန်ဈေးနှုန်းမှာ ယခင် ကန်ဒေါ်လာ ၅၀၀ မှ ၅၀၄ ရှိခဲ့ရာမှ ကန်ဒေါ်လာ ၄၉၃ မှ ၄၉၇ သို့လည်းကောင်း၊ အိန္ဒိယပေါင်းဆန်မှာ ဈေးအချို

ဆုံးဖြစ်ပြီး ယခင် ကန်ဒေါ်လာ ၄၉၀ မှ ၄၉၄ ရှိရာမှ ယခု ၄၃၉ မှ ၄၄၃ အသီးသီးရှိကြောင်း သိရသည်။

“ကျနော်တို့ ဗီယက်နမ်ကို ဆန်ဖြူတင်ပို့တာမှာ ကုန်သေတ္တာစရိတ်အပါ ယခင်က ၁ တန်ကို ကန်ဒေါ်လာ ၄၉၅ မှ ယခု ၄၇၅ သို့ ကျဆင်းခဲ့ပါတယ်။” ဟု စိုက်ပျိုးရေးထုတ်ကုန်များ တင်ပို့ရောင်းချသူများအသင်း (Agricultural Commodities Exporters Association) ဥက္ကဋ္ဌ M Madan Prakash က ပြောကြားခဲ့သည်။

**ကုန်သေတ္တာစရိတ်များကျဆင်းလာ**

တစ်ဖက်တွင် ကုန်သေတ္တာစရိတ်များကျဆင်းလာခြင်းက ဝယ်သူများကို အထောက်အကူဖြစ်စေကြောင်း၊ “ကုန်တင်ပို့မှု မရှိသလောက်နည်းပါးလာတဲ့အတွက် ကုန်သေတ္တာစရိတ်တွေ ကန်ဒေါ်လာ ၁၀၀ အထိ ကျဆင်းလာပါတယ်။ တစ်ခါတစ်လေ ကန်ဒေါ်လာ ၅၀ ခန့်ဖြင့် ရရှိနိုင်ပါတယ်။" ဟု ၎င်းက ပြောကြားခဲ့သည်။ သို့သော် ကုန်သည်များအနေဖြင့် ဆန်ဈေးနှုန်း မည်မျှကျဆင်းမည်ကို ဆက်လက်စောင့်ကြည့် လေ့လာလျက်ရှိသည့်အတွက် ပြီးခဲ့သည့်သီတင်းပတ် အတွင်းက ဆန်အရောင်းအဝယ်အေးခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလမှ စတင်ကာ ပြည်ပသို့ ဆန်ကွဲတင်ပို့မှု ပိတ်ပင်ခဲ့ပြီး၊ ဆန်ဖြူတင်ပို့မှုအပေါ် ၂၀ ရာခိုင်နှုန်း အခွန်စည်းကြပ်ခဲ့သည်။ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လတွင် ဆန်ဖြူတင်ပို့မှု ပိတ်ပင်ခဲ့ပြီး၊ ပေါင်းဆန်အပေါ် ပို့ကုန်ခွန် ၂၀ ရာခိုင်နှုန်း စည်းကြပ်ခဲ့သည်။ သို့ သော် ယခုနှစ် အောက်တိုဘာလ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ပြည်ပသို့ ဆန်တင်ပို့ခွင့် အလုံးစုံပြန်လည်ခွင့်ပြုပေးခဲ့ပြီး၊ အနိမ့်ဆုံးပို့ကုန်ဈေးနှုန်း MEP အပါအဝင် ပို့ကုန်ခွန်အားလုံးအား ဖယ်ရှားပေးခဲ့သည့်အတွက် ကမ္ဘာ့ဆန်ဈေးကွက်တွင် ယခုကဲ့သို့ ဆန်ဈေးနှုန်းများ ကျဆင်းလာခြင်း ဖြစ်ပါသည်။

သို့ပါ၍ အိန္ဒိယနိုင်ငံ၏ ဆန်ပို့ကုန်မူဝါဒ ဖြေလျှော့မှုကြောင့် မြန်မာနိုင်ငံအနေဖြင့်လည်း ပြည်ပဆန်ဈေးနှုန်းများကျဆင်းမှုနှင့် ရင်ဆိုင်ရဖွယ်ရှိပြီး၊ သင့်လျော်သော ပို့ကုန်မူဝါဒများချမှတ်၍ ဆောင်ရွက်သင့်ပါကြောင်း သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး
ကော်လ်ကတ္တား

**ရည်ညွှန်း။** The Hindu Businessline, Global rice prices drop over 10% after India lifts all curbs on exports, Oct 30, 2024

Agribusiness & Trade

## ရုရှားနိုင်ငံ၏ သစ်သီးဝလံများ တင်သွင်းမှု ၈.၃ ရာခိုင်နှုန်းတိုးတက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ အောက်တိုဘာလအထိ ရုရှားနိုင်ငံ၏ သစ်သီးဝလံများ တင်သွင်းမှုသည် ၂၀၂၃ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၈.၃ ရာခိုင်နှုန်း တိုးလာကြောင်း ရုရှားစိုက်ပျိုးရေးဝန်ကြီးဌာန၊ တိရစ္ဆာန်နှင့် အပင်ပိုးမွှားရောဂါကင်းရှင်းရေး ကြီးကြပ်ကွပ်ကဲမှု ဖက်ဒရယ်အစိုးရဌာန(Rosselkhoznadzor)က သတင်းထုတ်ပြန်ခဲ့သည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက် အထိ ရုရှားနိုင်ငံ၏ သစ်သီးဝလံထွက်ကုန်များ တင်သွင်းမှုပမာဏသည်  ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက တိုးလာခဲ့ကြောင်း၊ ၂၀၂၃ ခုနှစ် ၁၀ လတာကာလအတွင်း သစ်သီးဝလံ တင်သွင်းမှုပမာဏတန်ချိန် ၄.၆ သန်း ရှိခဲ့ပြီး ယခုနှစ်တွင် တန်ချိန် ၅ သန်းနီးပါးရှိ၍ ယေဘုယျအားဖြင့် ၈.၃ ရာခိုင်နှုန်း တိုးမြင့် လာကြောင်း၊ ပန်းသီးနှင့် သစ်တော်သီးများ တင်သွင်းမှုသည် ၂၀၂၃ ခုနှစ် အလားတူကာလအတွက် တန်ချိန် ၅၀၂,၈၀၀ ရှိခဲ့ပြီး ယခုနှစ်တွင် တန်ချိန် ၅၃၁,၄၀၀ ထိ တိုးတက်ခဲ့၍ ၅.၇ ရာခိုင်နှုန်း တိုးတက်လာကြောင်း Rosselkhoznadzor ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

လိမ္မော်သီး၊ ရှောက်သီး၊ သံပုရာသီး မျိုးဝင်အသီးများအတွက် တင်သွင်းမှုပမာဏသည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ အောက်တိုဘာလအထိ တန်ချိန် ၁.၃ သန်းအထိရှိပြီး ၂၀၂၃ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၆.၃ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ အဆိုပါကာလတွင် မက်မွန်သီး၊ ဇီးသီး၊ ချယ်ရီသီး မျိုးဝင်အသီးများအတွက် တင်သွင်းမှုသည် တန်ချိန် ၇၂၁,၀၀၀ ရှိပြီး ၁.၉ ရာခိုင်နှုန်းတိုးလာကာ ဘယ်ရီသီးနှင့် အခြားသစ်သီးများ တင်သွင်းမှုသည် တန်ချိန် ၄၃၅,၃၀၀ ရှိပြီး ၂၉.၃ ရာခိုင်နှုန်းတိုးတက်လာခဲ့သည်။ ထို့အပြင် ငှက်ပျောသီးတန်ချိန် ၁.၁၆ သန်း တင်သွင်းခဲ့ပြီး ၂၀၂၃ ခုနှစ်နှင့် နှိုင်းယှဉ်ပါက တူညီသောပမာဏတွင် ရှိသည်။

ရုရှားနိုင်ငံသည် လတ်ဆတ်သစ်သီးဝလံများကို တူကီယဲ၊ အီကွေဒေါ၊ အဇာဘိုင်ဂျန် စသည့် နိုင်ငံများမှ အဓိကတင်သွင်းလျက်ရှိပြီး နိုင်ငံအတွင်း သစ်သီးစားသုံးမှု မြင့်တက်လျက်ရှိသဖြင့် တင်သွင်းမှုပမာဏသည်လည်း နှစ်စဉ်တိုးတက်လျက်ရှိသည်။ ရုရှားနိုင်ငံသားများသည် လတ်ဆတ်သစ်သီးဝလံအမျိုးမျိုးကို ရည်ရွယ်ချက်မျိုးစုံဖြင့် နှစ်သက်စွာစားသုံးကြသည်။ ယင်းကြောင့် မြန်မာနိုင်ငံမှ ထွက်ရှိသော ထောပတ်သီးနှင့် သရက်သီးများ အပါအဝင် လတ်ဆတ်သစ်သီးဝလံများသည် ရုရှားနိုင်ငံသို့ တင်ပို့နိုင်သော ဈေးကွက်အလားအလာရှိသည့် ကုန်စည်များဖြစ်ကြောင်း သိရှိရသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို
Source :        https://www.alta.ru/external_news/114338/

Agribusiness & Trade

# ရုရှားနိုင်ငံသို့ ဂျပန်နိုင်ငံမှ ကော်ဖီတင်ပို့မှု စက်တင်ဘာလတွင် စံချိန်တင်မြင့်တက်

ဆောင်းဦးရာသီအစတွင် ဂျပန်နိုင်ငံသည် ရုရှားနိုင်ငံသို့ လှော်ထားသောကော်ဖီ စံချိန်တင် ပမာဏ တင်ပို့ခဲ့ကြောင်း သိရှိရသည်။ စက်တင်ဘာလတွင် ဂျပန်နိုင်ငံသည် ရုရှားနိုင်ငံသို့ ကော်ဖီ ပမာဏတန်ချိန် ၂၅.၆ တန် တင်ပို့ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၂၅,၂၀၀ ရှိကာ ယင်း ပမာဏသည် ပြီးခဲ့သည့် ဩဂုတ်လနှင့်နှိုင်းယှဉ်ပါက အလေးချိန်နှင့် တန်ဖိုးသတ်မှတ်ချက်အရ ၆ ဆ ပိုမိုများပြားကြောင်း ဂျပန်စာရင်းအင်းဌာန၏ အချက်အလက်များက ဖော်ပြထားသည်။

တစ်ချိန်တည်းတွင် ရုရှားနိုင်ငံသည် ဂျပန်ကော်ဖီကို အများဆုံးဝယ်ယူတင်သွင်းသည့် စာရင်း ထဲတွင် ပါဝင်ခဲ့ပြီး အဆိုပါပမာဏသည် ဂျပန်နိုင်ငံ၏ ကော်ဖီထုတ်ကုန်များ တင်ပို့မှု အားလုံး၏ ၁၃ ရာခိုင်နှုန်း ရှိသည်။ စက်တင်ဘာလတွင် ဂျပန်နိုင်ငံသည် စုစုပေါင်း ကော်ဖီတန်ချိန် ၁၉၃ တန်ကို အခြားနိုင်ငံများသို့ တင်ပို့ခဲ့သည်။

ထို့အပြင် စက်တင်ဘာလတွင် ဂျပန်နိုင်ငံသည် ရုရှားနိုင်ငံသို့ လက်ဖက်ခြောက် တန်ချိန် ၁၁.၆ တန်တင်ပို့ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၄၆,၅၀၀ ရှိကြောင်း သိရှိရသည်။

ရုရှားနိုင်ငံသို့ ကော်ဖီအဓိကတင်သွင်းသော နိုင်ငံများစာရင်းတွင် ဘရာဇီးနိုင်ငံသည် ထိပ်ဆုံး တွင်ပါဝင်လျက်ရှိသည်။ ယခုနှစ်တွင် ကော်ဖီ အဓိကထုတ်လုပ်သော ဘရာဇီးနိုင်ငံ၌ ရာသီဥတု ဆိုးဝါးမှုကြောင့် ရုရှားနိုင်ငံ၌ ကော်ဖီဈေးနှုန်းများ မြင့်တက်ခဲ့ကြောင်း ရုရှား လက်ဖက်ခြောက်နှင့် ကော်ဖီထုတ်လုပ်သူများအသင်း “Roschaykofe” ၏ ဥက္ကဌ Mr. Ramaz Chanturia က ပြောကြားခဲ့ သည်။

ရုရှားနိုင်ငံသည် ရာသီဥတုအခြေအနေကြောင့် ကော်ဖီသီးနှံစိုက်ပျိုးထုတ်လုပ်နိုင်ခြင်း မရှိဘဲ ကော်ဖီအသားတင်တင်သွင်းသည့်နိုင်ငံဖြစ်သည့်အပြင် ကော်ဖီသုံးစွဲမှုပမာဏသည်လည်း နှစ်စဉ်တိုး တက်လျက်ရှိသည်။ ရုရှားသည် ၎င်းနိုင်ငံအတွင်း လိုအပ်သောကော်ဖီပမာဏအား အပြည့်အဝဖြည်း ဆည်းပေးနိုင်ရေး ဂျပန်နိုင်ငံအပါအဝင် အခြားရင်းနှီးသော နိုင်ငံများမှလည်း တင်သွင်းလျက်ရှိသဖြင့် မြန်မာနိုင်ငံမှ ရုရှားနိုင်ငံသို့ ကော်ဖီတင်ပို့နိုင်မည့် အလားအလာကောင်းများ ရှိနေကြောင်း သိရှိရ သည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို

Source : https://ria.ru/20241103/kofe-1981656813.html

Agribusiness & Trade

## တရုတ်နိုင်ငံသည် စားသုံးမှုကို မြှင့်တင်ရန် မူဝါဒအသစ်များကို နိုဝင်ဘာလတွင် စတင်မည်

တရုတ်နိုင်ငံသည် နိုဝင်ဘာလတွင် အဓိကမြို့ကြီးငါးမြို့၌ စားသုံးမှုမြှင့်တင်ရေးပွဲများကို ဆက်တိုက်ကျင်းပမည်ဖြစ်ပြီး စားသုံးသူအသုံးစရိတ်ကို မြှင့်တင်ရန် ရည်ရွယ်သည့် မူဝါဒအသစ်များ ကို ထုတ်ပြန်မည်ဟု ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Sheng Qiuping က ပြောကြားခဲ့ကြောင်း ဖော်ပြထားပါသည်။

အဆိုပါမူဝါဒများသည် စီးပွားရေးကို မြှင့်တင်ရန်၊ လက်လီလက်ကားလုပ်ငန်းများအား ကောင်းလာစေရန်နှင့် ရှန်ဟိုင်းနှင့် ထျန်ကျင်းအပါအဝင် မြို့ကြီး (၂၀)တွင် ခေတ်မီကူးသန်းရောင်း ဝယ်ရေးဆိုင်ရာ ရွှေ့ပြောင်းစီမံချက်များကို အထောက်အကူဖြစ်စေရန်ဖြစ်ကြောင်း Sheng က သတင်း စာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားခဲ့သည်ဟု ဖော်ပြထားပါသည်။

ဝန်ကြီးဌာနသည် မော်တော်ယာဥ်ရောင်းချမှုဆိုင်ရာပြုပြင်ပြောင်းလဲမှုကို စမ်းသပ်ဆောင် ရွက်မည်ဖြစ်သည့်အပြင် စားသုံးမှုမြှင့်တင်ရေးလုပ်ငန်းအစီအစဉ်များကိုလည်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း Sheng မှ ပြောကြားခဲ့သည်ဟု ဖော်ပြထားပါသည်။

စားသုံးမှုမြှင့်တင်ရေးပွဲများကို တရုတ်နိုင်ငံ၏ အဓိကမြို့ကြီးများဖြစ်သည့် ရှန်ဟိုင်း၊ ပေကျင်း၊ ကွမ်ကျိုး၊ ထျန်ကျင်းနှင့် ချုံချင့်မြို့များတွင် စတင်မည်ဖြစ်ကြောင်းနှင့် အဆိုပါမြို့များ၏ လူသုံးကုန် ပစ္စည်းများ လက်လီရောင်းချမှုသည် တစ်နိုင်ငံလုံး စုစုပေါင်း၏ (၁၃) ရာခိုင်နှုန်းကျော်ရှိပြီး လူသုံး ကုန်ပစ္စည်းတင်သွင်းမှု၏ (၅၀)ရာခိုင်နှုန်းကျော်ရှိကြောင်း ဖော်ပြထားပါသည်။

အဆိုပါမြို့များ၌ အစားအသောက်ပွဲတော်များ၊ စုပေါင်းလှုပ်ရှားမှုအစီအစဉ်များနှင့် အားက စားလှုပ်ရှားမှုများအပြင် ပြပွဲနှင့် ဖျော်ဖြေပွဲများအပါအဝင် ဈေးဝယ်ခြင်း၊ စားသောက်ခြင်းနှင့် ခရီး သွားခြင်းဆိုင်ရာ လှုပ်ရှားမှုအမျိုးမျိုးကို ကျင်းပသွားမည်ဖြစ်ကြောင်း၊ စတိုးဆိုင်သစ်ဖွင့်လှစ်မှု အတွက် မက်လုံးများနှင့် စားသုံးသူဘောက်ချာများကဲ့သို့သော အထောက်အကူပြု အစီအမံများကို ဒေသန္တရအစိုးရများက စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ထိုလှုပ်ရှားမှုများနှင့် မူဝါဒအသစ်များ ပေါင်းစပ်ခြင်းဖြင့် စားသုံးသူများအတွက် သိသာထင် ရှားသော အကျိုးကျေးဇူးများကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း Sheng က ပြောကြားခဲ့သည်ဟု ဖော်ပြ ထားပါသည်။

Agribusiness & Trade

စားသုံးမှုကို နှိုးဆွခြင်းသည် စီးပွားရေး ပြန်လည်ဦးမော့လာစေရန် တရုတ်နိုင်ငံ၏ မဟာဗျူဟာမြောက် အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း၊ ယခုနှစ်တွင် အစိုးရသည် လူသုံးကုန်ပစ္စည်းများကို အဟောင်းပေးအသစ်ဝယ်သည့်အစီအစဉ်များအပါအဝင် ပြည်တွင်းဝယ်လိုအားကို မြှင့်တင်ရန် စီမံချက်အမျိုးမျိုးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားပါသည်။

၂၀၂၄ ခုနှစ်၊ ပထမ(၉)လတွင် တရုတ်နိုင်ငံ၏ လူသုံးကုန်ပစ္စည်းများ လက်လီရောင်းချမှု စုစုပေါင်းသည် ယွမ်(၃၅.၄)ထရီလီယံ (အမေရိကန်ဒေါ်လာ ၅ ထရီလီယံခန့်)ရှိပြီး တစ်နှစ်ထက်တစ်နှစ် (၃.၃)ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း၊ အဟောင်းပေးအသစ်ဝယ်သည့်အစီအစဉ်အရ အောက်တိုဘာလ (၃၀)ရက်နေ့အထိ မော်တော်ယာဉ်များအတွက် ထောက်ပံ့ကြေးတောင်းခံသည့် လျှောက်လွှာ (၁.၆၈)သန်းရှိပြီး အိမ်သုံးပစ္စည်းများရောင်းချမှုမှာ အလုံးရေ(၂၄.၀၃)သန်းအထိ ရှိလာပြီဖြစ်ကြောင်း ဖော်ပြထားပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်းမြို့

Source:

https://www.chinadaily.com.cn/a/202411/01/WS6724b437a310f1265a1caf3c.html

## အိန္ဒိယဗဟိုဘဏ်၏ အရန်ရွှေသားကိုင်ဆောင်မှု ပုံမှန်တိုးမြင့်လာ

အိန္ဒိယဗဟိုဘဏ်က ၂၀၂၄ ခုနှစ် မတ်လကုန်အထိ ပြည်တွင်း၌ အရန်ရွှေသား ပမာဏ ၅၀ ရာခိုင်နှုန်းခန့်သာ ကိုင်ဆောင်ထားရှိခဲ့ရာက စက်တင်ဘာလကုန်ပိုင်းတွင် ၆၀ ရာခိုင်နှုန်းခန့်အထိ တိုးမြင့် ကိုင်ဆောင်ထားရှိခဲ့ကြောင်း The Hindu Businessline သတင်းဌာနက အောက်တိုဘာလ ၃၀ ရက်က ဖော်ပြသည်။

အိန္ဒိယနိုင်ငံ၏ အရန်နိုင်ငံခြားငွေစုစုပေါင်း၌ ရွှေသားပါဝင်မှုတန်ဖိုးသည် ၂၀၂၄ ခုနှစ်၊ မတ်လကုန် က ၈ ဒသမ ၁၅ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလကုန်တွင် ၉ ဒသမ ၃၂ ရာခိုင်နှုန်းခန့်အထိ တိုးမြင့်လာခဲ့သည်။ အဆိုပါကာလအတွင်း အိန္ဒိယဗဟိုဘဏ်က ရွှေသား ၃၂

ဒသမ ၆၃ တန် ထပ်မံ ဖြည့်တင်းခဲ့သည့်အတွက် ယင်းသို့ တန်ဖိုးတိုးမြင့်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အိန္ဒိယဗဟိုဘဏ်အနေဖြင့် အရန်ရွှေသားများကို ပြည်ပထက် ပြည်တွင်း၌ ပိုမိုထားရှိရန် ဆောင်ရွက်လာပြီး၊ ၂၀၂၄ ခုနှစ်၊ မတ်လကုန်က အိန္ဒိယနိုင်ငံတွင်းရှိ ရွှေတိုက်များ၌ အရန်ရွှေသား ထားရှိမှု ၅၀ ရာခိုင်နှုန်းသာရှိခဲ့ရာမှ စက်တင်ဘာလကုန်ပိုင်းတွင် ၆၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ထားရှိခဲ့ကြောင်း သိရသည်။ ၎င်းအနေဖြင့် ၂၀၂၄ ခုနှစ်၊ မတ်လကုန်က ရွှေသား ၈၂၂ ဒသမ ၁၀ တန် ကိုင်ဆောင်ထားခဲ့ရာမှ စက်တင်ဘာလကုန်တွင် ၈၅၄ ဒသမ ၇၃ တန် တိုးမြှင့်ကိုင်ဆောင်ခဲ့ကြောင်း ၎င်း၏ “အရန်နိုင်ငံခြားငွေ စီမံခန့်ခွဲရေးဆိုင်ရာ နှစ်လည်အစီရင်ခံစာ” အရ သိရသည်။

လွန်ခဲ့သောနှစ် အနည်းငယ်အတွင်း အိန္ဒိယနိုင်ငံ၏ စုစုပေါင်း အရန်နိုင်ငံခြားငွေတွင် ရွှေသား ပါဝင်မှုတန်ဖိုးမှာ မြင့်တက်လာပြီး၊ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလကုန်တွင် ၅ ဒသမ ၈၈ ရာခိုင်နှုန်းခန့် ရှိခဲ့ရာမှ ၂၀၂၂ ခုနှစ်၊ ကာလတူတွင် ၇ ဒသမ ၀၆ ရာခိုင်နှုန်းခန့်သို့လည်းကောင်း၊ ၂၀၂၃ ခုနှစ်၊ ကာလတူတွင် ၇ ဒသမ ၃၇ ရာခိုင်နှုန်းခန့်သို့လည်းကောင်း၊ ၂၀၂၄ ခုနှစ်၊ ကာလတူတွင် ၉ ဒသမ ၃၂ ရာခိုင်နှုန်းသို့ လည်းကောင်း နှစ်စဉ်ပုံမှန်တိုးတက်လျက်ရှိကြောင်း သိရသည်။

၂၀၂၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့က ကမ္ဘာ့ရွှေဈေးနှုန်း ၁ အောင်စလျှင် ကန်ဒေါ်လာ ၂၂၈၄ ဒသမ ၂ ရှိကြောင်း ကမ္ဘာ့ရွှေကောင်စီ (World Gold Council -WGC) ၏ အချက်အလက်များအရ သိရသည်။ အဆိုပါဈေးနှုန်းသည် ကန်ဒေါ်လာ ၂၆၅၀ ဒသမ ၆ အထိ မြင့်တက်ခဲ့ကာ၊ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလကုန်၌ ကန်ဒေါ်လာ ၂၆၃၀ သို့ တစ်ဖန်ပြန်လည်ကျဆင်းခဲ့ကြောင်း သိရသည်။

၂၀၂၄ ခုနှစ်၊ ဩဂုတ်လတွင် အိန္ဒိယဗဟိုဘဏ်မှ ရွှေသား ၃ တန်အား အဌမအကြိမ်မြောက် ထပ်မံဝယ်ယူခဲ့ပြီး၊ စုစုပေါင်း အသားတင် ရွှေသားပမာဏ ၄၅ တန် ဝယ်ယူခဲ့ကာ နှစ်အလိုက် ရွှေသားဝယ်ယူသည့် နိုင်ငံများအနက် ဒုတိယအမြင့်ဆုံး ပမာဏကို ဝယ်ယူသောနိုင်ငံဖြစ်ကြောင်း ကမ္ဘာ့ရွှေကောင်စီမှ ယခုလ အစောပိုင်းက ထုတ်ပြန်ခဲ့သော အစီရင်ခံစာတစ်ခု၌ ဖော်ပြထားသည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလကုန်၌ အိန္ဒိယဗဟိုဘဏ်၏ ပြည်တွင်းရွှေသားကိုင်ဆောင်မှု တန်ချိန် ၅၁၀ ဒသမ ၄၆ ရှိကာ ပြီးခဲ့သည့် မတ်လကုန်၌ တန်ချိန် ၄၀၈ ဒသမ ၃၁ ရှိခဲ့ကြောင်း၊ ရွှေသား တန်ချိန် ၃၂၄ ဒသမ ၀၁ ကို အင်္ဂလန်ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာပေးချေမှုဘဏ် (Bank for International Settlements -BIS) တို့ရှိ ရွှေတိုက်များ၌ ထားရှိကြောင်း၊ ကျန်ရွှေသား တန်ချိန်

Agribusiness & Trade

၂၀ ဒသမ ၂၆ ကို ရွှေသား တန်ဖိုးသင့်အပ်ငွေ (gold deposits) အသွင်ဖြင့် အပ်နှံထားရှိကြောင်း သိရသည်။

**အရန်နိုင်ငံခြားငွေစာရင်း**

အိန္ဒိယနိုင်ငံ၏ နှစ်လည် (၆ လပတ်) သုံးသပ်ကာလအတွင်း အရန်နိုင်ငံခြားငွေတန်ဖိုးမှာ ၂၀၂၄ ခုနှစ်၊ မတ်လကုန်၌ ကန်ဒေါ်လာ ၆၄၆ ဒသမ ၄၂ ဘီလီယံရှိကာ စက်တင်ဘာလကုန်တွင် ကန်ဒေါ်လာ ၇၀၅ ဒသမ ၇၈ ဘီလီယံသို့ စံချိန်တင်မြင့်တက်ခဲ့သည်ကို တွေ့ရှိရသည်။ အဆိုပါ အရန် နိုင်ငံခြားငွေစာရင်း၏ ၈၇ ရာခိုင်နှုန်းခန့်သည် ငွေတိုက်စာချုပ်များ၊ အခြားနိုင်ငံဗဟိုဘဏ်များ နှင့် BIS တို့၌ အပ်နှံထားရှိငွေများ၊ ပင်လယ်ရပ်ခြား ကူးသန်းရောင်းဝယ်ရေးဘဏ်များ၌ အပ်နှံထားရှိ ငွေများကဲ့သို့ နိုင်ငံခြားငွေ ရပိုင်ခွင့်များ (Foreign currency assets) များ ဖြစ်ကြောင်း သိရသည်။

နိုင်ငံ၏ နိုင်ငံခြားငွေ စီမံခန့်ခွဲမှု၌ မဟာဗျူဟာသစ်များနှင့် ထုတ်ကုန်သစ်များကို ရှာဖွေဖော် ထုတ်လျက်ရှိကာ တစ်ဖက်တွင် ရင်းနှီးမြှုပ်နှံမှုပုံစံ အမျိုးမျိုးခွဲခြားဆောင်ရွက်ရှိကြောင်း၊ အရန်ငွေ၏ မပြောပလောက်သော ပမာဏကိုသာ ပြည်ပရပိုင်ခွင့်ဆိုင်ရာ မန်နေဂျာများမှ စီမံဆောင်ရွက်လျက်ရှိ ကြောင်း အိန္ဒိယဗဟိုဘဏ်က ပြောကြားခဲ့သည်။

**သုံးသပ်တင်ပြချက်**

အိန္ဒိယနိုင်ငံသည် နိုင်ငံ၏ ပြည်ပငွေပေးငွေယူရှင်းတမ်းလက်ကျန်၏ အရေးကြီးသော အစိတ် အပိုင်းတစ်ရပ်ဖြစ်သည့် နိုင်ငံခြားငွေရန်ပုံငွေကို ကောင်းစွာစီမံခန့်ခွဲလျက်ရှိသည်ကို တွေ့ရှိရပါသည်။ အဆိုပါ ငွေစာရင်း၏ စုစုပေါင်းတန်ဖိုးအနက် ရွှေသားပါဝင်မှုတန်ဖိုးကို ပုံမှန်တိုးမြှင့်လျက်ရှိပြီး၊ ယခု နှစ် စက်တင်ဘာလကုန်ပိုင်းတွင် ပမာဏ ၆၀ ရာခိုင်နှုန်းခန့်အထိ တိုးမြှင့်ကိုင်ဆောင်ကာ တန်ဖိုးအား ဖြင့် ၉ ဒသမ ၃၂ ရာခိုင်နှုန်းခန့်အထိ တိုးမြှင့်ခဲ့ကြောင်း သိရပါသည်။ ထို့အပြင် နိုင်ငံခြားငွေရန်ပုံငွေ ၏ ရွှေသား ကိုင်ဆောင်မှု အချိုးအစားကို ပြည်တွင်းသို့ တစ်ဖြည်းဖြည်း ပြောင်းရွှေ့ရယူလျက်ရှိ သည်ကိုလည်း တွေ့ရှိရပါသည်။

သို့ပါ၍ အိန္ဒိယနိုင်ငံသည် ကမ္ဘာ့တတိယအဆင့် စီးပွားရေးအင်အားရှိသော နိုင်ငံအဖြစ်သို့ တက်လှမ်းရာတွင် အရန်နိုင်ငံခြားငွေ တောင့်တင်းခိုင်မာမှု အားကောင်းရန်လိုအပ်ပြီး၊ ပြည်တွင်း ပြည်ပရှိ ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများ၌ ရွှေသား၊ ရွှေတန်ဖိုးသင့်အပ်ငွေ၊ နိုင်ငံခြားငွေအပ်ငွေ နှင့် ငွေတိုက်စာချုပ်များကဲ့သို့ ရပိုင်ခွင့်ပုံစံအမျိုးမျိုးဖြင့် ခွဲခြားထားရှိရန်လိုအပ်ပါသည်။ တစ်ဖက်တွင် အပြည်ပြည် ဆိုင်ရာပေးချေမှု၌ ရူပီးငွေ၏ အရေးပါမှုအခန်းကဏ္ဍကို တိုးမြှင့်လျက်ရှိသည့်အတွက်

AgriBusiness & Trade

မျှော်မှန်းချက်ဖြစ်သော ဖွံ့ဖြိုးပြီးနိုင်ငံအဆင့်သို့ မကြာမီတက်လှမ်းနိုင်မည့် အလားအလာရှိကြောင်း သိရှိနိုင်ပါရန် သုံးသပ်တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

**ရည်ညွှန်း**။ The Hindu Businessline, RBI steadily building up gold reserves, Oct 30, 2024

……………………………………………………………………………………………………..

Agribusiness & Trade